**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**
**ရီယာဒ်မြို့**

## ရေဘေးသင့် ပြည်သူများအား တတ်နိုင်သမျှ ပါဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

မြန်မာနိုင်ငံတစ်ဝန်းလုံး ယခု ရက်သတ္တပတ်များအတွင်း မုတ်သုံမိုး သည်းထန်စွာ ရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့တွင် ရေကြီး ရေလျှံမှုများ၊ မြေပြို မှုများစသည့် သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်လျက်ရှိပြီး အထူးသဖြင့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်း ဒေသကြီး တို့ကို သဘာဝ ဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ် နိုင်ငံတော် သမ္မတရုံးက ဇူလိုင်လ ၃၁ ရက်နေ့က ကြေညာခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကာတာနိုင်ငံ၊ ဘာရိန်းနိုင်ငံ၊ အိုမန်နိုင်ငံနှင့် ယူအေအီးနိုင်ငံများတွင် ရောက်ရှိ/ အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများအနေဖြင့် အဆိုပါ ရေဘေး သင့်ဒေသများနှင့် ရေဘေးသင့် ပြည်သူများအတွက် ကယ်ဆယ်ရေး၊ ပြန်လည် ထူထောင်ရေးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များအား တတ်နိုင်သမျှ ပါဝင်လှူဒါန်းနိုင်ကြပါရန် မြန်မာသံရုံး၊ ရီယာဒ်မြို့ အနေဖြင့် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

အလှူရှင်များအနေဖြင့် ငွေကြေးကိုသာ အဓိကထား လှူဒါန်းကြပါရန်နှင့် လှူဒါန်းလိုသူ အလှူရှင်များသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ ဆက်သွယ် လှူဒါန်းနိုင်ပါသည်-


(က) ဦးသိန်းဝင်း
သံရုံးဒုတိယအကြီးအကဲ
မြန်မာသံရုံး၊ ရီယာဒ်မြို့
တယ်လီဖုန်းအမှတ်၊ ၀၀၉၆၆ ၅၄ ၇၃၃ ၈၆၉၅
E mail: meriyadh@gmail.com

(ခ) ဦးသက်ဇော်တိုး
ဒုတိယအတွင်းဝန်၊ ကောင်စစ်ဌာန
မြန်မာသံရုံး၊ ရီယာဒ်မြို့
တယ်လီဖုန်းအမှတ်၊ ၀၀၉၆၆ ၅၄ ၃၂၉ ၂၉၈၇
E mail: meriyadh@gmail.com


**မြန်မာသံရုံး၊ ရီယာဒ်မြို့**
**ရက်စွဲ၊ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၅ ရက်**

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
043
RIYADH